ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

မာယာတဋ္ဌေ



အချစ်

လုံးချင်းဝတ္ထုရှည်

## ဝန်ခံချက်

ယခင်ရေးဖွဲ့ခဲ့ဖူးသော ဝတ္ထုလတ်ကို လုံးချင်းဝတ္ထုအဖြစ် ပြန်လည်ခံစားတင်ပြအပ်ပါသည် ။

## အခန်း(၁)

ဒေါက်တာကြင်နာထက်မြက်၏ ခဲရောင်ကားလေး ပျဉ်းမနားကိုကျော်တော့ ညနေလေးနာရီ ထိုးခဲ့ပြီ။ သူငယ်ချင်းရှိရာ ပြ ည ႛမ ၂၁ ညဝင်အိပ်ပြီးမှ ရန်ကုန်သို့ဆက်မည်မို့ သည် ခရီးက အပန်းတကြီးမရှိလှ။

အဝေးပြေးကားလမ်းမကြီးတလျှောက် တောင်သာယာရှုခင်းတွေကိုကြည့်ရင်း ကိုယ့်ကားကိုယ် သက် တောင့်သက်သာ မောင်းလာခဲ့ရတာ စိတ်အပန်းပြေပါသည် ။ ကားအသွားအလာတွေကလည်း ပြတ်သည် တော့မရှိ။

သူဟာ အထူးကုဆရာဝန်မို့ နေ့စဉ်နေ့တိုင်း ငွေလုပ်သည့် စက်နှယ် ငွေတွေရှာဖွေရလွန်းတော့လည်း တစ်ခါ တလေ ဒီလိုပဲ လုပ်ချင်တာလျှောက်လုပ်၊ သွားချင်တာလျှောက်သွားချင်မိသည် ။ နေမိနေရာ ထွေမိထွေရာ ထွေလိုက် ချင်၏။

ကြည့်ပါဦးလေ၊ တာဝန်ကျကလေးဆေးရုံကြီးမှာ တာဝန်အတိုင်း အ

လုပ်ဆင်းပြီး ကျန်ကိုယ်ပိုင်အချိန်များ မှာ ကားတစ်စီးဖြင့် ဆေးခန်းကြီးတွေ နှစ်ခုသုံးခု အချိန်ပိုင်းလျှောက်ဝင်နေရသည် ။

မိုးရွာတုန်း ရေခံ...

နေသာတုန်း စပါးလှန်း...

စကားပုံတွေကတော့ အများ အပြား၊ ဘာအလုပ်ကိုပဲလုပ်လုပ် စေတနာပါလျှင် နာမည်က အလိုလိုကြီး ပြီးသား။ ထို့ကြောင့် ကြင်နာထက်မြက်မှာ တော်တော်ပင် ဂျီပီကောင်းပါ၏။ သို့သော် ကြာလာတော့လည်း မရပ်မနားအလုပ်လုပ်နေရတာ၊ ငွေရှာနေရတာကို ဝဋ်ကြွေးတစ်ခုသဖွယ် ဒေါက်တာကြင်နာထက်မြက် ယူဆမိလာသလို။

ဒါဆို ဘာဖြစ်လို့ ငွေတွေ ဒီလောက်ရှာနေရတာတဲ့ လဲ။ ကိုယ့်မှာ ရော မစားနိုင်မသောက်နိုင်လို့ တဲ့ လား။

သည် မေးခွန်းကို ကြင်နာထက်မြက် မဖြေနိုင်ပါချေ။ သူသိတာကတော့ သူဟာ စက်ခုံပေါ်မှာ အပြေးသမား တစ်ယောက်လို စက်မရပ်မချင်း လိုက်ပြေးနေရတော့တာပါပဲ။

အင်း... သည် မေးခွန်းကို မေမေများ ဖြေဆိုနိုင်မည်လား။ ဖြေဆိုချင်မည်လားတော့ မပြောတတ်။ မေမေကတော့ ပြောတာပဲ။

"ဟဲ့ ! ငွေဆိုတာ သူ့အချိန်နဲ့ သူ ရှာရတာ။ အချိန်နှင့် ငွေသည် လူကို မစောင့်တဲ့ "

အဟင်း... မေမေနှင့် တွေ့မှ စကားပုံတွေလည်း ပြောင်းလဲသွားပါရော။

ဘာပဲဖြစ်ဖြစ် သူလည်း ရေဒီယိုဇာတ်လမ်း၊ ကမ္ဘာကျော် ဇာတ်လမ်းတွေထဲကလိုပဲ ဟီးရိုးဆရာဝန် တစ်ယောက် ဖြစ်ကြည့်ချင်ပါသည် ။ သို့

သော်...

အင်း... ဒီသို့သော်ကလည်း တော်တော်ခက်သည့် သို့သော်ဖြစ်သည် ။ ကျေးလက်တောရွာတွေက တကယ့် ကျေးလက်ဆရာဝန်ဖြစ်ဖို့ ဆိုတာကလည်း တော်တော်ပါရမီပါမှ ဖြစ်မည်ထင်သည် ။

သူ့လို မွေးကတည်းက ရွှေဇွန်းကိုက်ပြီး မွေးလုမတတ် ပြည့်ပြည့်စုံစုံ နေခဲ့ရသူတစ်ယောက်အတွက် ကျေးလက်တွေမှာ နေဖို့ ဆိုတာလည်း ဧရာမစွန့်စားခန်းကြီး တစ်ခုဖြစ်မည်ထင်၏။

သည် ကြားထဲ သူကလည်း နိုင်ငံခြားပြန် ကလေးစပယ်ရှယ်လစ်ဖြစ်နေရသေးတော့ ပို၍ ခက်သည် ။ လက်ဖျားမှာ ငွေသီးသည့် ကလေးစပယ်ရှယ်လစ်ကို မေမေကတော့ တောလွှတ်ချင်မှာ မဟုတ်။ နယ်လေးဘာလေး အလျဉ်းသင့်သလို အဖွဲ့လိုက်ဆေးကုသခွင့်ရတာနှင့် ပင် ကျေနပ်ရောင့်ရဲနေခဲ့ရ၏။

"အား..."

"ကျွီ!..."

ကြင်နာထက်မြက် အတွေးတွေ ပလုံစီနေဆဲ၊ ကားလမ်းကွေ့လေးတစ်ခုမှ ဘွားခနဲထွက်ပေါ် ပြေးတက်လာ သည့် မိန်းကလေးတစ်ဦးကြောင့် သူ့မျက်စိတွေ ပြာခနဲဖြစ်သွားရပါသည် ။ ကားလမ်းရှင်းရှင်းမှာ ကားကို လျင်မြန်စွာ ဘရိတ်ဖမ်းလိုက်ရသဖြင့် သူ့အဖြစ်က ဝရုန်းသုန်းကား၊ ကောင်မလေးကလည်း သူ့ရှေ့မှာ ခွေခနဲ။

ဟ! ကိုယ်ကျိုးနဲ။ တိုက်မျှား တိုက်မိသွားပြီလား။ ဒုက္ခပါပဲ။ နေရင်းထိုင်ရင်းတော့ ဖင်အောက် ဓားမောက် ပေါ်ပါပြီ။

သူဟာ စိတ်ထားနူးညံ့ဖြူစင်သည့် ဆရာဝန်ရင့်မကြီးပေမယ့် အမှုဖြ

စ်ရ ဒုက္ခများ ရမည့် ဘေးကို တွေးမိ သည် မို့ ကားတံခါးကို ဖွင့်ပြီး စိတ်တိုစွာ ဆင်းမိသည် ။

မချောလေးက ကားရှေ့မှာ ခွေခွေလေး။ သွေးတွေ ဘာတွေတော့ မတွေ့ရ။ လန့်သွားတာလား။ တိုက်မိသွား သလားပင် မပြောတတ်တော့။ အချိန်ကလည်း ငါးနာရီလောက်မို့ ဆောင်းနှင်းမြူတွေပင် ဝေတော့မည် ။

သူတစ်ယောက်တည်း စိတ်တိုနေရာမှ စိတ်ပူသည့် အဖြစ်သို့ ရောက်သွားရပြန်သည် ။ ခွေခွေလေး လဲကျနေ သည့် ကောင်မလေးနားသို့ လျင်မြန်စွာ ချဉ်းကပ်ပြီး ကြင်နာစွာ ငုံ့ကြည့်ဖြစ်ခဲ့သည် ။

ကောင်မလေး သတိတော့ မလစ်သေး။ သူမအသွင်ကလည်း ပြူးတူးပြဲတဲ။

"ဒီမှာ ၊ မင်းဘာဖြစ်သွားသေးလဲ၊ ဆောရီးကွာ... ကိုယ်လည်း ကားမောင်းရင်း စိတ်ပျံ့လွင့်လာခဲ့မိလို့ ပါ။ မင်းကိုထိသွားသေးသလား။ ထရော ထနိုင်ရဲ့ လား။ ကိုယ် ဘာလုပ်ပေးရမလဲ"

သူ့မေးခွန်းများကို ကောင်မလေးက မဖြေ။ ကားရှေ့မှာ လဲကျနေရာမှ သာ လူးလဲကြိုးရုန်းထနေ၏။ သို့သော် ထိုကောင်မလေး ပြန်ခွေလဲကျသွားပြန်တော့ ကြင်နာထက်မြက် ပိုပြီးထိတ်လန့်သွား၏။ ဒုက္ခပါပဲ၊ ကောင်မလေးကို ထိများ ထိသွားလေသလား။

အသားဖွေးဖွေး စိမ်းစိမ်းလေးများ နှင့် တော်တော်ချစ်စရာကောင်းသည့် ကောင်မလေးမှာ မျက်ဝန်းတွေ လည်း ငိုထားလွန်းလို့ ထင့်။ နီရဲဖောင်းမို့လျက်။

တော်တော်လှတဲ့ ကောင်မလေးပါပဲ။ သူကလေး၏ အလှက ဖျတ်ခ

နဲပင် မြင်သာထင်သာသည့် အလှ။ မျက်လုံးလေးတွေ ကျယ်ဝန်းရွဲစက်နေသလို မျက်ရည်စိုသည့် မျက်တောင်တွေကလည်း နက်နက်ခက်ခက်။ နှာတံလေးလှပုံနှင့် နှုတ်ခမ်းလေး နုဖတ် စိုရွှန်းနေပုံကအစ တကယ့်နှင်းဆီဖူး။

သို့ပေမယ့် ကောင်မလေးအသွင်က ကြေကြေကွဲကွဲနှင့် ဖရိုဖရဲ။ ဇကန္တ ဒုက္ခသည် လေးလား။ အရွယ်ကတော့ အသက်နှစ်ဆယ်ပင် ပြည့်ပုံမရသေး။ ငယ်မူငယ်သွေးလေးများ နှင့် ရွှန်းသစ်နုဖတ်သည့် ကောင်မလေး ပါပဲ။

"မင်းနာမည် ဘယ်သူလဲ။ အခု ဘယ်လိုဖြစ်လာတာလဲ။ ကိုယ့်ကားက မင်းကိုဝင်တိုးတာ မဟုတ်ဘူး နော်။ မင်းက ကားလမ်းပေါ်အတင်းပြေးတက်လာတာ။ ကိုယ့်အသက် ကိုယ်မနှမျောဘူးလားကွာ။ ဘာလဲ... လူ့ပြည်မှာ မနေချင်တော့ဘူးလား။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကိုယ့်ကိုယ်ကို သေကြောင်းကြံမလို့ လား"

ကြင်နာထက်မြက်ကသာ ဂရုဏာဒေါသတွေနှင့် မေးခွန်းတွေ တရစပ်မေးနေရသည် ။ ကောင်မလေးကတော့ တစ်ခွန်းမှ ပြန်မဖြေ။ လှပပြူးကျယ်သော မျက်ဝန်းအစုံဖြင့် သူ့ကို မော့ကြည့်နေလိုက်တာကလည်း မြင်တောင်မြင် ရဲ့ လားမသိ။

ကြင်နာထက်မြက်၏ စိတ်တို့ မှာ ဒီသူငယ်မကြောင့် တိုလိုက်ရှည်လိုက်ဖြစ်နေရတော့သည် ။ မိုးကလည်း ချုပ်တော့မည်။ လမ်းပေါ်မှာ ကားတွေလူတွေကလည်း ရှင်းလို့ ။ ဒီပြဿနာကို သူဘယ်လိုရှင်းပေးရမလဲ။ သူဟာ လူသားဆန်သူမို့ ကားမောင်းပြီး ထွက်ပြေးဖို့ လုံးဝစိတ်မကူး။

"ဟိတ် ! ကောင်မလေး။ စကားပြန်ပြောဦးလေ။ ဟာကွာ... ဘယ်လိုဟာလေးလဲ။ ကဲ! မင်းကို ငါဘာလုပ် ပေးရမလဲပြော။ မင်းရဲ့ ရွာကို လို

က်ပို့ပေးရမလား။ ဒါမှ မဟုတ် ဆေးဖိုးဝါးခပေးခဲ့ရမလား။ ဒီလိုအချိန်ကြီးမှာ မင်းကရော တစ်ယောက်တည်း ဘာဖြစ်လို့ ကားလမ်းပေါ်တက်လာရတာလဲ။ မသမာသူတွေနဲ့ တွေ့ရင် ဖမ်းခေါ်သွား မှာ မကြောက်ဘူးလား။ ခုခေတ်က လူကုန်ကူးတဲ့ လူတွေ ကလည်း ပေါပါ့ဘိ"

"..."

"ကဲ... ပြော၊ ငါဘာလုပ်ပေးရမလဲ၊ ငါ့မှာ ခရီးဆက်စရာလည်း ရှိသေးတယ်။ မင်းဖြစ်စေချင်တဲ့ ပုံစံပြော။ မိုးချုပ်တော့မယ်"

ကြင်နာထက်မြက် စိတ်တိုလာ၏။ ယခုအချိန်ထိစကားတစ်ခွန်းမှ ပြန်မပြောဘဲ မျက်ရည်တွေသာ တစိမ့်စိမ့်စီးကျနေသည့် ကောင်မလေး ဟာ အသည်းယားစဖွယ်။ ဘုရားရေ! ဒီကောင်မလေးဟာ စကားမပြော တတ် တဲ့ တေမိမလေးလား။

သူတစ်ယောက်တည်း စကားတွေပြောနေရစဉ် ကောင်မလေးက ရွာဘက်သို့တစ်ချက် သမင်လည်ပြန် လှည့်ကြည့်ပြီးနောက် သဲကြီးမဲကြီးငိုချလိုက်သည် မှာ ဆောင်းတွင်းကြီး မိုးရွာနေသည့် နှယ်။

ကြင်နာထက်မြက် ခေါင်းကုတ်မိပါ၏။ ဒီနေရာမှာ ပဲ အချိန်တော်တော်ကြာသွားပေပြီ။ လမ်းသွားလမ်းလာ တွေလည်း တစ်ယောက်မှ မရှိ။

ဘာမှ မေးလို့ စမ်းလို့ မရသည့် ကောင်မလေးကို ဒီအတိုင်းပစ်ထားခဲ့ပြီး၊ ကားကိုမောင်းထွက်သွားဖို့ လည်း သူဘယ်လိုမှ စိတ်မကူးမိ။ သူဟာ ယုတ်မာသူတစ်ဦးမှ မဟုတ်လေဘဲ။

ဒီတော့ ကောင်မလေးရှေ့မှာ သူကလေး အငိုတိတ်အောင် ထိုင်စော

င့်ရတော့မလို၊ မျောက်မှိုင်သာ မှိုင်နေရတော့ မလိုဖြစ်နေရတော့သည်
။

အတော်လေးကြာမှ ကောင်မလေး အငိုတိတ်သွားပြီး သူ့ရွာနှင့် တူသည့် ဘက်သို့ ထိတ်လန့်တကြား လှမ်းကြည့်ပြန်၏။ ရွာဘက်မှ လူစုလူဝေးကိုမြင်ရသည် နှင့် ကောင်မလေးမှာ ကျားကိုတွေ့သည့် နှယ် လက်ကမ်းပါ တော့သည် ။

"ကျွန်... ကျွန်မကို ကျေးဇူးပြုပြီး ဒီနေရာက ခေါ်သွားပေးပါနော်။ မြန်မြန်... မြန်မြန်လုပ်ပါရှင့်။ သူတို့လိုက်လာကုန်ကြပြီ"

"ဘယ်လိုလဲ... ဘယ်ကိုခေါ်သွားရမှာ လဲ"

အရေးထဲမှာ သူက စစ်ဆေးမေးမြန်းနေပြန်လျှင်...

"ဒီကလွတ်ရင် ပြီးရောပါရှင်၊ ရှေ့က တစ်မြို့မြို့ထိပေါ့" ဟု သူမက ပြောလေသည် ။

လောလောဆယ် နေရာမှ မထနိုင်သည့် ကောင်မလေးကို ကြင်နာထက်မြက် ပွေ့ယူကာ ကားရှေ့ခန်းသို့သာ တင်လိုက်ရသည် ။ ရွာဘက်မှ လိုက်လာသည့် လူများ လူလုံးမကွဲမီပင် သူတို့ ကား ထိုနေရာမှ မောင်းထွက်ဖြစ်ခဲ့သည် ။

ဘာမှန်းမသိအောင် စိတ်တွေနောက်ကျိလာခဲ့ရပေမယ့် အမှိုက်ထုပ်လေးကို သူမငြိုငြင်ရက်တာလည်း အမှန်။ နောက်ပြီး သူ့မှာ လည်း တာဝန်ရှိသည် ဟု ထင်ပါသည် ။

ကားမောင်းရင်းမှ ကြင်နာထက်မြက် ကောင်မလေးကို မသိမသာ အကဲခတ်မိပြန်သည် ။ ခပ်ဖြောင့်ဖြောင့် ကောင်မလေးပဲ။ ကိုယ်လုံးလေးကလည်း ခပ်ဖြောင့်ဖြောင့်၊ ငါးပေခွဲလောက်အရပ်နှင့် လိုက်လျော

ညီထွေသည့် ကိုယ်လုံးအလှက ခပ်နွမ်းနွမ်း အဝတ်များ ထဲမှ ပင် လှစ်ဟပေါ်ထွက်နေ၏။

သို့သော် ဒီလောက် ရှုပ်ထွေးလှသည့် ခေတ်ကြီးထဲမှာ ကောင်မလေးတွေလည်း ယုံရတာမဟုတ်။ ငါ့ကို ဓားပြတိုက်ချင်လို့ လား။ ငါ့ကို ဓားပြတိုက်ရင်တော့ မှားမယ် ကောင်မလေးရေ။ ငါက လက်ဝတ်လက်စားဝတ်တာ ဝါသနာ မပါဘူး။ ငွေကိုလည်း များများ သယ်သွားလေ့မရှိ။

ကောင်မလေးရဲ့ ရုပ်ကတော့ ရိုးသားဖြူစင်သည့် ရုပ်လေး သူကလေးဟာ အမှန်အကန်လား၊ အကြံအဖန် လား။ ကြားဖူးပါရဲ့ ၊ တချို့ကောင်မလေးတွေဟာ မထင်ရက်စရာကောင်းလောက်အောင် မာယာတစ္ဆေမလေးတွေ။

ကောင်မလေးကို ဒီလိုမကောင်းတွေးမိတာတောင် ကြင်နာထက်မြက် အားနာမိပါသည် ။ သူကလေးက တကယ့်ဒုက္ခသည် လေးလည်း ဖြစ်နိုင်ပါသည် ။ အကျိုးအကြောင်းမေးပြီး ကူညီဆောင်ကျဉ်းပေးခဲ့ဦးမှ ဖြစ်မည် ထင်ပါသည် ။

သူဟာ ပုံပြင်ထဲကလို ရုပ်ရှင်ဇာတ်လမ်းတွေထဲကလို ကျေးလက်ကို ဆင်းပြီး အလကားကုပေးသည့် ဆရာဝန် မလုပ်နိုင်တောင်မှ လူသားကောင်မလေးတစ်ယောက်ကို ကူညီကယ်တင်ဖို့ တော့ တင်နိုင်ရပေမည် ။

သူ ကားမောင်းနေရင်းနှင့် ပင် အငိုစဲသွားသည့် ကောင်မလေးကို မေးမြန်း စစ်ဆေးဖို့ အင်တာဗျူးဖို့ ကြိုးစားလိုက်လျှင် ကောင်မလေးကလည်း သူ့ကို စူးစမ်းသည့် အကြည့်ဖြင့် တစ်ချက် မော့ကြည့်သည် ။

သည် အခါ အသက်သုံးဆယ်ပတ်ဝန်းကျင်၊ ရည်မွန်ယဉ်ကျေးသည့် လူချောလူသန့် ဆရာဝန်တစ်ဦးကို သူကလေး မြင်တွေ့သွားမည် ဖြစ်သ

ည် ။

အရပ်က ခြောက်ပေနီးပါး၊ အသားက အဖြူဘက်သို့လုပြီး စိုစိုပြည်ပြည်။ မျက်ခုံးကောင်းပြီး မျက်လုံးတွေ စူးရှထက်မြက်သည့် ယောက်ျားကောင်းတစ်ယောက်။

"ကဲ ! ကောင်မလေး၊ ငိုနေလို့ ချည်း မဖြစ်ဘူး။ မင်းရဲ့ အကြောင်း တွေ ပြောပြပါဦး။ ကိုယ့်ကားက လောလောဆယ်ပြည်မှာ ညအိပ်မယ်။ မနက်ကျရင် ရန်ကုန်ထိပြန်မယ်။ မင်းကို ဘယ်အထိခေါ်သွားပေးရမလဲ ။ ကိုယ် ဘယ်လိုကူညီပေးရမလဲ ပြောပါ"

ကောင်မလေးမှာ ကရင်အင်္ကျီအပြာနုလေးနှင့် ၊ ချည်လုံချည်အနက် စင်းလေးကိုသာ ဝတ်ဆင်ထားပေမယ့် သူမ၏ ရုပ်က တောသူတစ်ယော က်လို ပေကျံ မွဲခြောက်မနေ။ အရောင်အဝါတစ်မျိုးနှင့် ဝင်းပရွှန်းလဲ့နေ တော့၊ ကြင်နာထက်မြက် အံ့သြရပြန်သည် ။ သာမန်တောသူလေးတစ် ယောက်ဟာ ရေခပ်ရင်း၊ မောင်းထောင်ရင်း၊ ဟင်းရွက်ခူးရင်းနှင့် ဒီ လောက်ထိ အသွေးအမွေးပြောင်ပ့ါမလား။ ငါးပိရည်နဲ့ ငစိန်ဆန်စားပြီး တော့လေ။

ကောင်မလေးက သူ့ကို မျက်ရည်ပါးပါးစီးကျရင်းမှ စတင်စကားပြောပါသည် ။ ငိုလွန်းသဖြင့် ကွဲရှရှ နစ်တစ်တစ်အသံလေး က ကရုဏာသက်စဖွယ်။

"ကျွန်မနာမည် ဆောင်းညကြာဖြူပါ"

"အားပါးပါး... နာမည်ကတော့ တကယ့်အပျံစားကြီးပါလား"

ဆေးရုံပေါ်မှ လူနာများ ရှေ့မှ ဆရာဝန်ကြီးမဟုတ်တော့သလို သူပေ့ါပါးစွာ ဝင်ရောက်နောက်ပြောင် မှတ်ချက်ချမိသည် ။ အင်းလေ၊

သုံးဆယ်ကျော်ဆိုတာလည်း ဘာရှိသေးတာမှတ်လို့ ။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ မှာ အဖိုးတန်တာဆိုလို့ နာမည်ပဲရှိပါတယ်"

သူမက အသံတိမ်တိမ်ဖြင့် ဆိုသောအခါ ကြင်နာထက်မြက် အားတို့ အားနာ ဖြစ်ရ၏။ ဆင်ကျီစားရာ ဆိတ်မခံသာ ဖြစ်တော့မှာ ပဲ။

"ဆောရီးကွာ၊ ကိုယ်က မင်းကိုခင်လို့ နောက်တာပါ။ ပြောပါဦး… မင်းအကြောင်း၊ ဆက်ပြော"

"ဟုတ်ကဲ့၊ ကျွန်မရဲ့ အကြောင်းက ဆိုးလွန်းတော့ ပြောရမှာ တောင် မရဲပါဘူးရှင်"

တဖြည်းဖြည်းတည်ငြိမ်လာသည့် သူမအသွင်ကို တစ်ချက်ငဲ့ကြည့်ရင်း ကြင်နာထက်မြက် ကားကို မှန်မှန် မောင်းနေမိ၏။ ကောင်မလေးရဲ့ အသံက တိုးတိုးလျလျ။

"ကျွန်မတို့ ဆယ့်ငါးနှစ်သမီးကတည်းက အဒေါ်လင်မယားရဲ့ အိမ်မှာ ကပ်နေရပါတယ်။ အဒေါ်ရှိတုန်းက တော့ လိုလေသေးမရှိ၊ သူ တတ်နိုင်သလောက် ကျွေးမွေးပြုစုခဲ့တာပါ။ ဒါပေမဲ့ မနှစ်ကတော့…"

ကောင်မလေးရဲ့ အသံက နှစ်ဝင်သွားတာ ဝမ်းနည်း ကြေကွဲနေလို့ ဖြစ်မည်။ ပြီးမှ သူမက ဆက်ပြော လေ၏။

"မနှစ်က ကျွန်မတို့ ရဲ့ အားကိုးအားထားပြုရာဖြစ်တဲ့ အဒေါ်ဆုံးသွားပြီး ဘာမှ မတော်တဲ့ သူ့ယောက်ျားကြီး နဲ့ ဆက်နေခဲ့ရပါတယ်"

"ဟင် !… သူ့ယောက်ျားက အရက်သမားကြီးလား၊ မကောင်းဘူးလား"

ကြားဖူးနားဝဇာတ်လမ်းတစ်ပုဒ်လို သူကြုံတင်တွေးဆပြောတော့ ကောင်မလေးက မချိပြုံးနှင့် ...

"အရက်သမားကြီးပေါ့ရှင်၊ ကျွန်မတို့ ကို မနှိပ်စက်ပေမယ့် သွေးမ တော်သားမစပ်တဲ့ အရက်သမားကြီး တစ်ယောက်နဲ့ နေရတာ ဘယ်လုံခြုံမှုရှိမှာ လဲ။ ဘယ်တော့ ဘာများ ဖြစ်မလဲလို့ တွေးပြီး အမြဲစိ တ်အနှောင့်အယှက် ဖြစ်နေရပါတယ်"

"ကျွန်မတို့ မှာ ညီမနှစ်ယောက် ရှိပါတယ်၊ မမက ကျွန်မအပေါ် အမြဲ ကောင်းတယ်။ အမြဲစောင့်ရှောက်ခဲ့ ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ လက မမ ဆုံးပြန်တယ်"

သူမ၏ စကားတွေက မယုံနိုင်ချင်စရာမို့ မယုံတစ်ဝက် ယုံတစ်ဝက်နှ င့် ကြင်နာထက်မြက် သံသယတွေ ဝင်နေစဉ် ကောင်မလေး မျက်ရည်မ ဆည်နိုင်အောင် ရှိုက်ငိုနေသဖြင့် သူ ယုံကြည်လိုက်ရတော့မလို။

"ဒီလောက်တောင် အသေအကြေတွေများ နေရင်"

ဆိုပြီး ဆင်ခြေတက်တော့မည့် သူ့ပါးစပ်ကို လျင်မြန်စွာ ဘရိတ်အုပ် လိုက်ရ၏။

သနားစရာကောင်မလေးပါပဲ။ အဒေါ်သေ၊ နောက်အစ်မဖြစ်သူ ထပ် ဆုံး၊ အဒေါ့်ယောကျာ်းက အရက်သမားကြီး၊ အောင်မလေး!... စိတ်မော စရာကောင်းလှပါဘိ။ လမ်းဆုံးအထိ သူ့မှာ မြင်လိုက်ရတော့သလို။

ကြင်နာထက်မြက် သက်ပြင်းချရပါ၏။ လူတိုင်းလူတိုင်း ကိုယ့်လို ပ န်းမွေ့ရာ ရွှေကော်ဇောပေါ်မှာ မနေရတာ သူသိတော့ သိခဲ့ပါ၏။ သို့ သော် ဒီကောင်မလေးအဖြစ်ကတော့ ဆိုးကိုဆိုးပါသည် ။ တစ်စက်မှာ မ သက်သာ။

"ပြောပါဦးကွာ၊ မင်းဦးလေးက တော်တော်ဆိုးသလား"

ကြင်နာထက်မြက် စာနာစွာမေးလျှင် သူကလေးမှာ ဖြေကြားရပြန်၏။

"ဆိုးတာထက် အခု သူက ကျွန်မကို ပိုက်ဆံရှိတဲ့ မုဆိုးဖိုကြီးတစ်ယောက်နဲ့ အတင်းပေးစားဖို့ လုပ်တယ်။ သူကတော့ အဲဒီလူကြီးဆီက ငွေတွေတောင် ယူသုံးထားပြီးပြီ။ ကျွန်မက မနာခံတော့ နေ့တိုင်း ပြဿနာရှာ၊ နေ့တိုင်း ရန်ရှာတယ်။ အဲဒါကြောင့် ကျွန်မ ခုလို အတင်းထွက်ပြေးလာခဲ့တာပါ။ ကျွန်မဘဝက သေတာမှ ကောင်းပါဦးမယ်ရှင်"

စကားအဆုံးမှာ ကောင်မလေး မျက်ရည်တွေနှင့် ပန်းလျှန့်မိန်းနယ်နေခဲ့သလို ကြင်နာထက်မြက်မှာ လည်း မာရသွန်အပြေးသမားတစ်ဦးနှယ် မောပန်းသွားခဲ့ရပါသည် ။ တော်တော်အဖြစ်ဆိုးပါလား ကောင်မလေးရယ်။

ငါ ဘယ်လိုကူညီရပ့ါမလဲ။ ကြင်နာထက်မြက် ခေါင်းကိုသာ ခါရမ်းနေမိပါတော့သည် ။

"ခုလို လမ်းပေါ်ပြေးတက်လာတော့ရော မသမာသူတွေနဲ့ တွေ့မှာ မင်းမစိုးရိမ်ဘူးလား။ အခုခေတ်ကြီးက လူကုန်ကူးတဲ့ လူတွေလည်း ပေါများ တယ်။ သေတာထက် ဆိုးတဲ့ အဖြစ်တွေလည်း ရှိတယ်။ မင်းမကြောက်ဘူးလား။ ကဲ! အခုရော ဘယ်ကိုသွားပြီး ဘာတွေလုပ်မယ်လို့ မင်းစိတ်ကူးထားသလဲ"

ကြင်နာထက်မြက်၏ မေးခွန်းကို ကောင်မလေးက တည်ငြိမ်စွာပင် ပြန်ဖြေခဲ့သည် ။

"ကျွန်မအတွက်ကတော့ ဦးလေးအရက်သမားကြီးဆီမှာ နေရတာထက် ဘယ်အရာကမှ ပိုဆိုးမယ် မထင်ဘူး။ ငရဲလိုဘဝမျိုးမှာ ထက်တော့ အားလုံးသာနေမှာ ပါ။ ပြီးတော့ ကျွန်မမှာ ခွန်အားတွေရှိနေတာပဲ၊ ရောက်ရာအရပ်မှာ အလုပ်လုပ်မယ်"

သူမ၏ အသံက ခွန်အားအပြည့်နှင့် ။

"အလုပ်လုပ်ရအောင် မင်းက ဘယ်နှတန်းတတ်လို့ လဲ"

"အတန်းတွေမအောင်လည်း အလုပ်ကြမ်းတွေပြည့်လို့ သမာအာဇီဝသာ ဖြစ်ပါစေ၊ ကျွန်မ အလုပ် လုပ်မယ်"

စိတ်ကူးတွေ ယဉ်နေသည့် ကောင်မလေးအား ကြင်နာထက်မြက် လှုပ်နှိုးရပြန်သည် ။

"မဟုတ်သေးပါဘူး။ မင်းက ဘယ်ကိုသွားပြီး ဘာတွေလုပ်နိုင်လို့ လဲ"

"အို ! ကျွန်မကို ရန်ကုန်အထိသာ ခေါ်သွားစမ်းပါရှင်။ ထမင်းချက် အဝတ်လျှော် ဘာညာ၊ ဟိုလေ ဘာညာ ဆိုတာက ကလေးထိန်းတာ၊ မီးပူတိုက်တာတွေပါပြောတာ။ ကျွန်မလုပ်တတ်ပါတယ်။ အဲဒါတွေ လုပ်မယ်"

ကောင်မလေး၏ စကားကြောင့် ကြင်နာထက်မြက် ဇဝေဇဝါဖြစ်ရပြန်သည် ။ ဟုတ်မှ ဟုတ်ပါ့မလား။ ကောင်မလေးရဲ့ ပုံက ရုပ်ရှင်မင်းသမီးလေးက တောသူယောင်ဆောင်ထားသလို ဖြူစင်ဝင်းနှစ်လှပေ၏။

"မင်းပြောတဲ့ အလုပ်က အိမ်ဖော်အလုပ်ပဲ။ ဒါပေမဲ့ မင်းရုပ်က အိမ်ဖော်ရုပ်မထွက်ဘူး။ ဟိုဒင်း... မိဖုရားရုပ်၊ မင်းကတော်ရုပ်မျိုး၊ ဘယ်လိုမှ မအပ်စပ်ပါလား"

"ရုပ်က ဘာလုပ်လို့ ရမှာ လဲရှင်၊ ကျွန်မဘာတတ်နိုင်မှာ လဲ။ ဘာပဲဖြစ်ဖြစ် ဦးလေးအတင်းပေးစားမယ့် အသက်ခုနစ်ဆယ်လောက် အဘိုးကြီးကိုယူရမှာ ထက်စာရင်တော့ အိမ်ဖော်လုပ်နေရတာကမှ တော်ပါဦးမယ်။ တစ်သက်လုံးတော့ လုပ်ချင်မှ လုပ်မှာ ပါလေ"

ပြောပြီး ကောင်မလေးက ကားနောက်သို့မှီပြီး မျက်စိမှိတ်ထားလေလျှင် ကြင်နာထက်မြက် ဆက်မပေးနိုင်တော့ပါ။ သူမဘဝက ရင်မောစရာချည်းပါလား။ နားပါစေလေ။

နောက်ဆုံးတော့ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ကောင်မလေး၏ ရင်နင့်ဖွယ်ဇာတ်လမ်းကို နားထောင်ပြီး ကြင်နာထက်မြက်ရင်ထဲမှာ ဘာတွေဘယ်လိုခံစားသွားရမှန်းပင် မသိတော့။

ပြည်မြို့သို့ ညရှစ်နာရီလောက်မှ ဝင်ရောက်ပါလေတော့သည် ။

*****

## အခန်း(၂)

မင်းဝေ၏ နှစ်ထပ်တိုက်လေးထဲသို့ ကြင်နာထက်မြက်တို့ ကားလေး လျှောခနဲဝင်သွားချိန်တွင် မင်းဝေ၏ ကားကလည်း အပြင်ထွက်ရန်အဆင်သင့် ဖြစ်နေပါ၏။ သူ့မှာ ကမန်းကတန်းပင် ကန့်ကွက်တားဆီးရလေသည် ။

"ဟေ့ ! ဟေ့! ဧည့်သည် လာမယ်လို့ ကြိုပြောထားတဲ့ ကြားက ဒီလိုရှောင်ထွက်သွားလို့ တော့ မရဘူးဟေ့။ မင်းတို့ ပြည်ကကောင်တွေ ဒီလိုကြေးလား။ ငါ့ဆီလာတုန်းကတော့ အားမနာ ပါးမနာ စားသောက်တည်းခိုနေပြီး တော့။ ကြင်နာထက်မြက်ကွ။ တစ်မြက်တည်းရှိတယ်။ ဆင်း... ကားပေါ်က ခုပြန်ဆင်း"

ကြင်နာထက်မြက်မှာ ကားပေါ်မှ ပေ့ါပါးစွာ ထွက်လိုက်ရင်း မင်းဝေကိုလည်း သူ့ကားပေါ်မှ ဆွဲချဖို့ ပြင်သည် ။ သို့သော် မင်းဝေတို့ ဇနီးမောင်နှံ၏ အသွင်က တကယ့်ကို ရေးကြီးသုတ်ပြာဟန်။

မင်းဝေကတော့ သူ့ကိုမချိသွားဖြဲလေးနှင့် ရှိခိုးဦးတင်ပုံစံလုပ်ပြရင်း အနူးအညွတ်တောင်းပန်လေသည် ။

"သူငယ်ချင်းရာ၊ ငါလည်း မနက်က မင်း မန္တလေးက လှမ်းပြီးဖုန်းဆက်ကတည်းက အူမြူးနေခဲ့တာပါ။ ခုတော့ ကံကြမ္မာကြီးက ငါ့တို့ သူငယ်ချင်းနှစ်ယောက်ကို တွေ့ဆုံခွင့် ကဲခွင့်သဲခွင့် မပေးခဲ့ဘူးလေ။ မင်းမှာ

လည်း အဖော်ပါတာပဲကွာ။ ရော့, ဒီမှာ အိမ်သော့၊ ကြိုက်သလောက်နေ၊ ကြိုက်သလိုနေ၊ ရှိတာတွေသာ ရှာဖွေလှန်ပြန်စား ပေတော့။ ငါတော့ ငါ့ ယောက္ခမက အရေးပေါ်ကြိမ်စကြော်နဲ့ လှမ်းရိုက်လို့ တောင်ငူကို ခဏပြန်လိုက်ဦးမယ်ကွာ။ ဘယ်လိုမှ စိတ်မရှိပါနဲ့ နော် သူငယ်ချင်း။ မင်းရောက်အလာကို ငါ ကားထဲက အသင့်စောင့်နေရတာပါ"

"ဟုတ်ပါတယ် ကိုထက်ရယ်။ မေမေက ဘာမှ လည်း ရှင်းမပြဘူး။ ခုညရောက်အောင် လာခဲ့ဆိုပြီး ဖုန်းချသွားတာပါ။ သိတာတို့ လည်း ဘာလုပ်ရမှန်းကိုမသိတော့ဘူး။ ကိုထက်ကိုလည်း ပြုစုချင်တယ်၊ မေမေ့ဆီလည်း အကျိုးအကြောင်းသိရအောင် သွားချင်တယ်"

မင်းဝေ၏ ဇနီး ခင်သီကျော်ကပါ ညွတ်နူးစွာ တောင်းပန်နေတော့ ကြင်နာထက်မြက် ဘာမှ မတတ်နိုင်တော့ ပေ။ သူတို့ လင်မယားကလည်း သူ့ကားထဲမှ ကောင်မလေးကို သိသိသာသာပင် အကဲခတ်ကြည့်ရှုနေကြပါလေ၏။ ကြင်နာထက်မြက် မနေသာ။ ယုန်ထင်ကြောင်ထင်အကြည့်များကို ပြေလည်အောင်ရှင်းပြရပေသည် ။

"ဒါ လမ်းမှာ ငါ့ကားနဲ့ တိုက်မိခဲ့တဲ့ ကောင်မလေးကွ။ သူကလည်း ဒုက္ခနဲ့ ဆိုတော့ မင်းတို့ နဲ့ များ တိုင်ပင် ဆွေးနွေးပြီး ကူညီရမလား စဉ်းစားလာခဲ့တာ။ အေးလေ... ဘယ်တတ်နိုင်မလဲ။ ဒါနဲ့ မင်းတို့ စုံတွဲကရော ဘယ်တော့ ပြန်လာမှာ လဲ"

ကြင်နာထက်မြက် စိတ်အိုက်နေသလို ကောင်မလေးမှာ လည်း စိတ်ရှုပ်နေဟန်က အထင်းသား။ မင်းဝေတို့ လင်မယားမှာ ကားပေါ်မှ ပြန်ဆင်းလာကြပြီး သူ့ဘေးမှာ လာစုကြပြန်သည် ။

"ပြောပါဦး၊ သူလေးက ဘယ်သူတဲ့ လဲ၊ ကိုထက်က ရှေ့ဆက်ပြီး ဘယ်လိုကူညီရမှာ လဲ။ ရုပ်ကလေးကတော့ ရိုးရိုးသားသား ဖြူဖြူစင်စင်

လေးပဲနော်"

ခင်သီကျော့်စကားကို ကောင်မလေးက ဝင်မဖြေပါ။ ဝိုင်းစက်သော မျက်ဝန်းကြီးများ နှင့် သာ အပြူးသား ကြည့်နေခဲ့၏။ နံ့တိနံ့ချာကောင်မလေးကို ကြင်နာထက်မြက် တစ်ချက်ကြည့်ရင်း သူပဲ စကားပြန်လုပ်ရ ရှင်းပြ ရပါ၏။

"သူ့နာမည် ဆောင်းညကြာဖြူတဲ့ ၊ သူ့ဦးလေးက ဆိုးတယ်။ ခု သူ့ကို အဘိုးကြီးတစ်ယောက်နဲ့ အတင်း ပေးစားမယ်လုပ်လို့ ထွက်ပြေးလာတာ။ ရန်ကုန်ထိလိုက်ပြီး ကြုံရာအလုပ်ကို လုပ်မယ်တဲ့ ။ နောက်ဆုံး အိမ်ဖော် ဖြစ်ဖြစ် ကလေးထိန်းဖြစ်ဖြစ်လို့ ပြောတာပဲဟာ"

သူ့စကားအဆုံးမှာ ခင်သီကျော့် မျက်ဝန်းများက ပိုမိုတောက်ပသွားကြသည် ။ သူတို့ လင်မယားသည် ကြင်နာထက်မြက် နှင့် ငယ်သူငယ်ချင်းများ ဖြစ်ကြ၏။

"ဟာ ! ဒါဆို သီတို့ အိမ်မှာ နေမလား။ သူ့ရုပ်ကလေးနဲ့ ခိုင်းရမှာတော့ အားနာပါတယ်။ ဒါပေမဲ့ သူ့ပုံစံလေး က ဖြူဖြူစင်စင် ရိုးရိုးအအ လေးမို့ သီ သဘောကျတယ်။ သီတို့ လင်မယားက မိုးလင်းမိုးချုပ် ပွဲရုံနဲ့ပဲ အချိန်ကုန် နေရတာမဟုတ်လား။ စိတ်ချရတဲ့ အိမ်ဖော်မျိုး လိုချင်တာ ၊ လောလောဆယ် အိမ်ဖော်မရှိတာနဲ့ အတော်ပဲ။ ညီမလေး အစ်မတို့ အိမ်မှာ နေမလား။ လူက အစ်မတို့ လင်မယားပဲရှိတာ၊ အလုပ်နည်းတယ်၊ လစာ တစ်လကို သုံးသောင်းပေး မယ်။ အဝတ်အစားဆင်မယ်။ အို... နားကပ်လေး၊ လက်စွပ်လေးပါ ဆင်လိုက်ဦးမယ်"

ခင်သီကျော်က မဲဆွယ်နေလျှင် မင်းဝေက အားနာပါးနာ ကန့်ကွက်သလို၊ သူကလည်း မျက်စိမျက်နှာတွေ ပျက်သွားမိတာ ဘာကြောင့် မသိ ။ ကြင်နာထက်မြက်ရင်ထဲမှာ နင်တင်တင်။

"ကဲပါကွာ။ နောက်မှ ဆွေးနွေးပါ။ မနက်ရှစ်နာရီလောက် ကိုယ်တို့ ပြန်ရောက်မှာ ပဲ။ မင်းလည်း နေ့လယ် လောက်မှ ခရီးဆက်ပါကွာ။ မ ထူးတော့ပါဘူး။ ကဲ... နားနားနေနေသာ နေကျန်ခဲပေတော့။ ငါတို့ လ ည်း ယောက္ခမကြီးဆီ ချီတက်လိုက်ဦးမယ်"

မင်းဝေစကားကို ကြင်နာထက်မြက် အူလျားဖားလျား ကန့်ကွက်ရပါ ၏။ သူ့မှာ အချိန်မရှိ၊ မန္တလေးသို့ကိစ္စ နှင့် သွားရတာတောင် လွန်လှပေပြီ။

"ဟာ! မင်းဝေ၊ မဖြစ်ဘူးကွ။ ငါ မနက်စောစောပဲ ခရီးထွက်ရမယ်။ ဒီနေ့မွန်းမတည့်ခင် ရန်ကုန် ပြန်ရောက်မှ ဖြစ်မယ်။ မေမေကလည်း ဖု န်းခဏခဏဆက်နေတယ်။ ငါ့လူနာတွေလည်း မျှော်လှပြီ။ ဘယ်လိုမှ နေလို့ မရတော့လို့ ပါ။ ဆောရီးကွာ... နော်၊ နောက်မှ ဆုံကြတာပေါ့"

"သူကလေးကရော"

သူခိုးက သခင်ရင်းထက် နှမျှောဆိုသလို ခင်သီကျော်မှာ ရုပ်ရည်ချောမောသန့်ရှင်းသည့် ကောင်မလေးကို အတော်လိုချင်နေပုံရ ပေ၏။

"ဒါကတော့ သူ့သဘောပေါ့။ ငါကတော့ သူစိတ်ချမ်းသာအောင် ကူ ညီရမှာ ပေါ့"

ပြောရသော်လည်း ကောင်မလေး ဒီမှာ ကျန်ခဲ့မှာ ကြင်နာထက်မြက် စိုးရိမ်နေမိတာ ဘာကြောင့် မသိ။

"ဘယ့်နှယ်လဲ ညီမလေး၊ မမတို့ ဆီမှာ ကျန်ခဲ့"

ခင်သီကျော်က ဆောင်းညကြာဖြူကို အပြုံးနှင့် ခေါ်နေလျှင် သူမက ခေါင်းလေးငုံ့ပြီး ခပ်တိုးတိုးဖြေခဲ့သည် ။

"ကျွန်မ ရန်ကုန်ကိုပဲ လိုက်သွားမယ်။ ဟိုမှာ ပဲ အလုပ် လုပ်ချင်ပါတယ်"

ခင်သီကျော် မချိသွားဖြဲရပ်နှင့် သူတို့ ကို နှုတ်ဆက်ကာ ကားပေါ်သို့ တက်သွားရ၏။ မင်းဝေတို့ လင်မယား ၏ ကား ထွက်သွားလျှင် အိမ်တစ်လုံးနှင့် သူတို့ နှစ်ယောက်သာ ကျန်ခဲ့ပေတော့သည် ။

အိမ်ရှင်များ မရှိသော ဧည့်ခန်းထဲမှာ ပေမယ့် ဒီအိမ်မှာ နေဖူးရောက်ဖူးသည် မို့ ကြင်နာထက်မြက်အတွက် မစိမ်း။

ဆောင်းညကြာဖြူဆိုသည့် ဘာတွေနှင့် ဝင်းပနေမှန်းမသိသည့် ကောင်မလေးကတော့ အရုပ်ကလေး တစ်ရုပ်ကို ချထားသည့် နှယ်။ ဆိုဖာအပြာလေးတစ်ခုပေါ်မှာ မလှုပ်မယှက်။ အသက်တောင် ရှူရဲ့ လားမသိ။

ညကလည်း တဖြည်းဖြည်းအိုရင့်လာပေပြီ။ ညကိုးနာရီ ကျော်ရုံပေမယ့် ဆောင်းညမို့ နှင်းတွေက ထူထူ ထပ်ထပ် သိပ်သိပ်သည်းသည်း။

သို့သော် တစ်နေ့လုံး ချွေးတွေနှင့် နပန်းလုံးခဲ့ရသည် မို့ ကြင်နာထက်မြက် မဖြစ်မနေ ရေချိုးရပါဦးမည်။ ထို့အတူ ထမင်းလည်း စားရဦးမည်။ ကောင်မလေးရော။ နှစ်ထပ်တိုက်တစ်လုံးလုံးမှာ သူနှင့် ကောင်မလေး နှစ်ယောက်တည်း။ အခြေအနေကို သူမကြောက်နေလေသလား။ အတွေးဖြင့် သူလှမ်းအကဲခတ်တော့လည်း မျက်လွှာချထားသည့် ကောင်မလေးရုပ်က တည်တည်ငြိမ်ငြိမ်။ သွေးအေးလှချည်လား။

ဘုရားရေ! သူမဟာ သူမပြောတဲ့ ဇာတ်လမ်းနဲ့ အံ့ဝင်ခွင်ကျမဖြစ်ပါလား။ သူမ၏ ဇာတ်လမ်းက နုံချာ စုတ်ပြတ်လွန်းနေသော်လည်း သူမ၏ အသွင်က နတ်ဒေဝီတစ်ပါးလို မြင့်မားဝင့်ထည်နေသည် ဟု ကြင်နာထ

က်မြက် ထင်နေမိသည် ။

ဒီမိန်းမချောလေးဟာ မာယာတစ္ဆေမလေးလား။ ဒီလိုလည်း မထင် ကောင်းပါဘူးလေ။

ငြိမ်သက်နေသည့် ဆောင်းညကြာဖြူကို ညှော့်ခန်းထဲမှာ ဒီအတိုင်း ထားခဲ့ပြီး ကြင်နာထက်မြက် ရေချိုးခန်း ဝင်ခဲ့သည် ။ ရေပူရေအေးစပ်ပြီး ခပ်ပူပူလေးပဲ သူရေချိုးမည်။ နောက် ဒီအိမ်သို့ သူလာသည့် အခါတိုင်း နေရသည့် အခန်းမှာ အဝတ်လဲမည်။ နေမည်။ အင်း... လောလောဆယ် ကောင်မလေးအတွက်ရော ဘယ်လိုစီစဉ်ပေး ရမှာ ပါလိမ့်။

ရေပူပူလေးကို ချိုးရသည် မို့ သူမချမ်းပါ။ ရေချိုးရင်း စဉ်းစားရပြန်သည် ။ မင်းဝေတို့ လင်မယားကတော့ တစ်အိမ်လုံးကို ထိုးအပ်သွားတာပဲ။

ကြင်နာထက်မြက် ရေချိုးပြီးလျှင် အောက်ထပ်ရှိ သူတည်းနေကျအခန်းမှာ အဝတ်လဲသည် ။ နောက် သူထွက်လာခဲ့တော့ ကောင်မလေးကို ညှော့်ခန်းထဲမှာ အရင်ပုံစံအတိုင်း မလှုပ်မယှက်လေး တွေ့ရ၏။ သို့သော် ...

"ဟိတ်!"

သူအသံပေးလျှင် ဆတ်ခနဲ တုန်လှုပ်သွားသည့် ကောင်မလေးကြောင့် သူမရင်ထဲမှာ ထိတ်လန့်တုန်လှုပ် နေမှန်း ကြင်နာထက်မြက် သိလိုက်ရသဖြင့် ကောင်မလေးကို သူသနားကြင်နာသွားမိသည် ။

"မင်း ရေသွားချိုး လိုက်လေ၊ လောလောဆယ် ငါ့အဝတ်တစ်စုံပဲ ယူဝတ်လိုက်ပါ"

"ဟင့်အင်း... ကျွန်မ မချိုးတော့ဘူး၊ နေပါစေတော့"

"ဟာ! သွားချိုးစမ်းပါကွာ၊ ဒီလောက်ပြေးလွှားလာခဲ့ရတာ မောလှရောပေါ့။ မင်းတစ်ကိုယ်လုံးလည်း ဖုန်တွေသဲတွေနဲ့ ။ သွားသွား... ရေချိုးလိုက်၊ စောစောက ငါဝင်သွားတဲ့ အခန်းထဲမှာ အဝတ်တစ်စုံ ယူဝတ်လိုက်"

"ချမ်းနေပြီ၊ ကျွန်မ မချိုးတော့ဘူး"

"ရေပူနဲ့ ရေအေး စပ်ချိုးလေ။ ရေချိုးခန်းထဲမှာ ရေပူရော ရေအေးရော ရှိတယ်။ ငါစပ်ပေးရမလား။ အေးလေ၊ ဟုတ်တာပေါ့။ ဒါတွေ မင်း ဘယ်လုပ်တတ်မလဲ။ ကဲကဲ... ငါအရင်သွားပြီး မင်းရေချိုးဖို့ ပြင်ပေးမယ်"

"နေ... နေပါစေရှင်၊ ရ... ရပါတယ်၊ ကျွန်မ လုပ်ကြည့်ပါ့မယ်"

နေပါစေဆိုတော့လည်း နေလိုက်ရုံပေါ့။ ကြင်နာထက်မြက် ဧည့်ခန်းထဲတွင် ကောင်မလေးကို အေးဆေးစွာ ထိုင်စောင့်ရင်း တီဗီကြည့်ဖို့ ဘောလုံးပွဲကြည့်ဖို့ လုံးပန်းပြင်ဆင်နေလိုက်သည် ။

တရွေ့ရွေ့ထွက်ခွာသွားသည့် ကောင်မလေးကို တစ်ချက်လှမ်းကြည့်ပြီး သူ့စိတ်တွေ ဤမျှဖြူစင်သန့်ရှင်း နေတာကို ကြင်နာထက်မြက် ကျေနပ်နေမိသည် ။

အေးလေ၊ ကောင်မလေးဟာ ဒုက္ခသည် လေးပဲ။ ငါကလည်း လူသားတွေရဲ့ အသက်ကို ကယ်တင်နေတဲ့ တကယ့်ဆရာဝန်ကြီးပါ။ ပုထုဇဉ်တော့ ပုထုဇဉ်ပေါ့လေ။

အကာလညကြီးထဲမှာ အိမ်တစ်လုံးနဲ့ ငါတို့ နှစ်ယောက်တည်း။

ဟာ... သွားစမ်းပါ။ ဒီလိုတွေးမိတာတောင် လွန်လှပြီ။ ငါတို့ ဟာ လူ

သားတွေပဲ။ လူသားဆိုတာ မမြင့်မြတ်တောင်မှ သူတော်စင်မဟုတ်တောင်မှ ကျားလို ခြင်္သေ့လို ဝံပုလွေလို စိတ်မျိုးမရှိရဘူး။ မထားရဘူး။

ဘောလုံးပွဲထဲ စိတ်ဝင်စားမိသွားလျှင် လောကကြီးကိုရော၊ ဆောင်းညကြာဖြူကိုပါ ကြင်နာထက်မြက် တဒင်္ဂမေ့လျော့သွားမိတော့သည် ။

အနားသို့ရောက်လာသည့် အရိပ်ကလေးကြောင့် ကြင်နာထက်မြက် မော့ကြည့်လိုက်သည် ။ အလို ! အံ့သြစရာပါလား။

'ဆောင်းညကြာဖြူ'

စပို့ရှပ်အပြာစင်းလက်ရှည်နှင့် စတိုင်ဘောင်းဘီမီးခိုးရင့်က ဖွံ့ထွားလှပသည့် ကောင်မလေး၏ ကိုယ်လုံး ပေါ်မှာ ရှင်းသန့်ဝင်းပသွားသည် မှာ ယခုမှ အရောင်တင်ထားပြီးသည့် လက်ဝတ်ရတနာလေးနှယ်။

ကောင်မလေးအသွင်က မဝံ့မရဲ။ သူ့ကို ကြောက်နေလေသလား၊ လန့်နေသလားပင်။

"ထိုင်၊ ကိုယ် စားစရာတစ်ခုခု သွားကြည့်လိုက်ဦးမယ်"

လောလောဆယ် ကိုယ်ပဲ အိမ်ရှင်လိုဖြစ်နေရသည် မို့ ကြင်နာထက်မြက်မှာ မီးဖိုဘက်၊ ထမင်းစားခန်းဘက် သို့ ကူးသွားရသည် ။ စားပွဲပေါ်မှာ အုပ်ဆောင်းနှင့် ။ နောက် အိုးများကိုပါ လှျောက်ဖွင့်ကြည့်လျှင် သူတို့ ချက်ပြုတ် ထားသည့် ထမင်းနှင့် ဟင်းများကို တွေ့ရသည် ။ ဟင်းက ကြက်သားကြော်နှင့် ဝက်သားလုံးကြော်။ နောက် ငံပြာရည်ချက်နှင့် သရက်သီးကင်းတို့ စရာ။

ကြင်နာထက်မြက်ကတော့ ထမင်းပွဲမပြင်တတ်ပါ။ သူ ဆောင်းညကြာဖြူကို လှမ်းခေါ်လိုက်သည် ။ ကောင်မလေးကတော့ ပြင်တတ်ပါလိမ့်မည်။

"ကောင်မလေးရေ၊ လာဟော့၊ ထမင်းစားကြရအောင်"

မဝံ့မရဲဝင်လာသည့် ကောင်မလေးကို စားပွဲမှာ ထိုင်စေသော်လည်း သူမက အလိုက်တသိပင် ထမင်းပွဲကို ခူးခပ်ပြင်ဆင်ပေးခဲ့သည် ။ သူ ထမင်းစားပွဲမှာ ထိုင်ပြီး ကြည့်နေ အကဲခတ်နေလိုက်သည် ။ မဆိုးပါဘူး။ လုပ်တတ် ကိုင်တတ်ရှိသားပဲ။

နှစ်ယောက်သား ထမင်းအတူစားကြတော့ ကောင်မလေးပုံစံက ရှက်နေသလားပင်။ ဖြစ်တတ်ပါတယ်။ တောသူမလေးတွေဟာ လူကြောက်တတ်တယ်။

ခေါင်းလေးငုံ့ကာ သူမရှေ့မှာ ရှိသည့် ငံပြာရည်ချက်နှင့် သရက်သီးကင်းကိုပဲ စားနေတော့ ကြင်နာထက်မြက် မနေသာ။ ကောင်မလေးပန်းကန်ထဲသို့ ကြက်သားကြော်နှင့် ဝက်သားလုံးကြော်များ ခပ်ထည့်ပေး မိသည် ။

"ထည့်စားလေ၊ အားမနာနဲ့ ။ တော်ကြာ ဆာနေမယ်"

"ဟုတ်ကဲ့ပါ"

ထမင်းစားနေရင်းမှ စကားတွေ သူပြောတော့လည်း ဆောင်းညကြာဖြူမှာ ခေါင်းငုံ့နားထောင်နေခဲ့သည် ။ ဘာတစ်ခွန်းမှ ပြန်မပြော။ စကားနည်းသည့် ကောင်မလေး။

"ဒါဆို မင်းက ရန်ကုန်ထိလိုက်မယ်ပေါ့၊ ဟုတ်လား။ အိမ်ဖော်လုပ်မှာ ကြီးတော့ ကိုယ်သဘောမကျပါဘူး။ ဆေးခန်းတစ်ခုခုမှာ စာရေးမ ဝင်လုပ်မလား။ မင်း, စာတော့ တတ်တယ် မဟုတ်လား။ ဘယ်နှတန်းထိ ကျောင်းနေဖူးလဲ"

"ကိုးတန်း"

"ဒါဆို မဆိုးပါဘူး၊ အေးလေ... ကြည့်သေးတာပေ့ါ။ ခုတော့ စိတ်ချမ်းချမ်းသာသာနေ။ အဲ, နောက်လည်း စိတ်ချမ်းသာရမှာ ပါလေ"

ထမင်းစားပြီးကြလျှင် သူမက ကျင်လည်စွာ သိမ်းဆည်းဆေးကြောနေပါ၏။ ကြင်နာထက်မြက် ဧည့်ခန်း သို့ပြန်ထွက်ခဲ့သည် ။ ဘောလုံးပွဲ ဆက်ကြည့်နေရင်း ဆောင်းညကြာဖြူအတွက် ဘယ်နေရာမှာ သိပ်ရမလဲဟု စဉ်းစားလိုက်သည် ။

အချိန်က မနည်းတော့။ ဆယ်နာရီပင် ကျော်လေပြီ။ နောက်ဆုံး သူ တည်းခိုနေကျအခန်းကိုပေးဖို့ သူ ဆုံးဖြတ်လိုက်သည် ။ သူကတော့ ယောက်ျားမို့ ဧည့်ခန်းထဲမှာ ပဲ ဆိုဖာတွေပေါ်မှာ ဖြစ်သလိုအိပ်လိုက်မည် ။

အတန်ကြာလျှင် ကောင်မလေး မီးဖိုထဲမှ တရွေ့ရွေ့ထွက်လာ၏။ ကြင်နာထက်မြက် ခရီးဦးကြိုပြုရသည် ။

"လာဟေ့ ကောင်မလေး၊ ငါတည်းနေကျအခန်းထဲမှာ နေ။ ငါက ဒီအပြင်ဧည့်ခန်းမှာ အိပ်မယ်။ အရေးအကြောင်းရှိရင် င့ါကို နှိုးပေ့ါ။ နေဦး, ငါ စောင်နဲ့ ခေါင်းအုံး ဝင်ယူလိုက်ဦးမယ်"

အိပ်ခန်းထဲမှာ မွေ့ရာနှင့် ဂွမ်းစောင်ကြီးတစ်ထည်ပဲ ရှိသည် ။ မွေ့ရာက ထူသလို ဂွမ်းစောင်ကြီးကလည်း ထူတာပါပဲ။ သို့သော် တစ်ထည်ပဲရှိတာက ခက်သည် ။

လေဒီ First ဆိုပြီး ဦးစားပေးလိုက်ရင်တော့ သူ အအေးပတ်သေမှာ မလွဲ။ သို့သော် ဘာတတ်နိုင်မှာ တဲ့ လဲ။ ကိုယ်တိုင်က ယောက်ျားပဲလေ။ ကြင်နာထက်မြက် သက်ပြင်းချပြီး ခေါင်းအုံးယူထွက်လာတော့ ကောင်မလေးက သူ့ကိုနားမလည်နိုင်သည့် အကြည့်နှင့် ကြည့်သည် ။

"ဂွမ်းစောင်က တစ်ထည်ထဲရယ်၊ မင်းပဲခြုံတော့။ ရတယ်၊ ငါက မချမ်းတတ်ပါဘူး။ အနွေးထည်ရှိသားပဲ။ ကဲ! သွားအိပ်တော့"

ကောင်မလေးကို အိပ်ခန်းဆီသို့ သွားစေပြီး သူကတော့ ဧည့်ခန်းဆိုဖာပေါ်မှာ အိပ်လိုက်သည် ။ အပေါ်မှ ခြုံစရာ ဘာမှ မရှိ။ ဆောင်းညကလည်း အေးလိုက်တာ၊ ခိုက်ခိုက်တုန်မတတ်။

ပေါင်နှစ်လုံးကြားထဲ လက်နှစ်ဖက်ထည့်ပြီး အိပ်ပျော်အောင် ကြိုးစားပေမယ့် အေးလွန်းလို့ အိပ်မရ။ ကြာတော့ သူချောင်းတဟွတ်ဟွတ်ဆိုးလာ၏။ အင်း... ကောင်မလေးကတော့ သိုးနေအောင် အိပ်ပျော်နေမှာ ပဲ။

သူ မလိုတမာတွေးနေမိစဉ် အခန်းတံခါးဖွင့်သံနှင့် အတူ ကောင်မလေးက ဂွမ်းစောင်ကြီးကိုယူကာ ထွက်လာတာ တွေ့လိုက်ရသည် ။

"ဘာလဲ... ဘာလုပ်မလို့ လဲ"

သူ့စကားကို ကောင်မလေးက ဘာမှ ပြန်မဖြေ၊ ဂွမ်းကပ်စောင်ကြီးကိုသာ သူ့အပေါ်သို့ တင်ခဲ့၏။ သည် လိုတော့လည်း သူ ခြုံရမှာ မျိုမကျ။

"ဟေ့ ! ငါ့ကို စောင်ပေးတော့ မင်းက ဘာနဲ့ သွားခြုံမှာ လဲ"

"ရပါတယ်၊ ကျွန်မက မွေ့ရာနဲ့ အိပ်ရတာ၊ အပေါ်က ဒေါက်တာ့ပုဆိုးနှစ်ထည် ထပ်ခြုံလိုက်မယ်"

"ဟော!"

သူအံ့သြကျန်ခဲ့စဉ် ကောင်မလေးက အခန်းထဲသို့ ပြန်ဝင်သွားသည် ။ ဘာပဲဖြစ်ဖြစ် စောင့်နှင့် ဘာနှင့် ဆိုတော့ ကျန်သည့် ညဝက်ကို သူနှစ်ခြိုက်စွာ အိပ်ပျော်ရတော့သည် ။

ကျေးဇူးတင်ပါတယ် ကောင်မလေးရေ...

အင်း... ဟိုရောက်ရင် မေမေ့ကို ဘယ်လိုပြောရပါ့မလဲ။ မေမေက သားတွေအပေါ်မှာ အရမ်းသဝန်တို တတ်ပြီး၊ မယုံသင်္ကာကလည်း ရှိတတ်ပါဘိ။ မမကလည်း တစ်မျိုး၊ ညီလေးကတော့ သူ့အပေါ် နားလည်မည် ထင်ပါသည် ။

ဘာပဲဖြစ်ဖြစ် ဆောင်းညကြာဖြူအတွက် အကောင်းဆုံးကာကွယ်ပေးဖို့ ၊ အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းပေး ဖို့ တော့ ကြင်နာထက်မြက်ဆုံးဖြတ်ချက်ချမိသည် ။

*****